# News Letter ( July and Aug ) in 2019

## STI Myanmr University Engineering ကျောင်းသား/သူများ၏ ကယားပြည်နယ် လွိုင်ကော်   ခရီးစဥ်






STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်း ဖွင့်လှစ်သော BEng (Hons) အင်ဂျင်နီယာဘွဲ့သင်တန်းများ ၏ နောက်ဆုံး နှစ် ဂုဏ်ထူးတန်းများကို အောင်မြင်စွာ တက်ရောက် ပညာ ဆည်းပူးကြမည့် Civil နှင့် Architecture ကျောင်းသား/ သူ (၃ ၃) ဦးသည့်၂၀၁၉ခုနှစ် ဇူလိုင်လ (၄)ရက် နေ့မှ(၅) ရက်နေ့ အထိ လေ့လာရေးခရီးစဉ်ကို ကယားပြည်နယ် လွိုင်ကော်မြို့ ရှိ ငွေတောင်ဆည်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။

## STIMU ၏ ဆဌမအကြိမ် Industry Advisory Board Meeting နှင့် Internship certificate Awarding Ceremony ကျင်းပခြင်း




STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်းဖွင့်လှစ်သော BEng (Hons) အင်ဂျင်နီယာဘွဲ့သင်တန်းများ ၏ နောက်ဆုံး နှစ် ဂုဏ်ထူးတန်းများကို အောင်မြင်စွာ တ က်ရောက် ကြ မည့် Civil နှင့် Architecture ကျောင်းသား/ သူ (၃ ၃) ဦးသည် မိမိတို့ သင်ကြားတတ်မြောက်ခဲ့သော ဘာသာရပ်များကို လုပ်ငန်းခွင်တွင်း လက်တွေ့နှင့် ဆက်စပ်မှု ရှိစေရန် ၊ ကျွမ်းကျင်တတ်မြောက်မှုရှိ စေရန် ဆောက်လုပ်ရေး ကုမ္ပဏီကြီး များတွင် အလုပ်သင်အဖြစ် ၂၀၁၉ခုနှစ် မေလမှ ဇူလိုင်လအထိ (၂ )လတာ တာဝန်ထမ်းဆောင်စေခဲ့ကြပါသည်။ယင်းကုမ္ပဏီကြီးများမှာ M.K.T Construction Co.Ltd , Orange home Trading & Construction Ltd , Facility Link , Moe Myint San Family Construction, YCDC, Surbama International Consultants (Myanmar ) Co Ltd, SJ Co.Ltd တို့ဖြစ်ကြပြီး ၂၀၁၉ ခုနှစ် ဇူလိုင် (၁၂)ရက်နေ့ တွင် MICT Park အတွင်းရှိ STIMU Campus တွင် နေ့လည် (၁)နာရီမှ (၂) နာရီအထိ" Industry Advisory Board Meeting" ကိုပြုလုပ်ခဲ့ပါသည်။

STI Myanmar University ၏ Board of Directors များ ၊ Faculty of Engineering မှ ဌာနမှူး များ ၊ ဆရာ/ဆရာမများနှင့်အတူ Industry Advisory Board မှ လုပ်ငန်းရှင်များ ၊ Myanmar Construction Entrepreneurs Association( MCEA) ၏ Advisor ဦးဝင်းဌေး ၊ MCEA ၏ အထွေထွေအတွင်းရေးမှူး၊ M.K.T Construction Co.Ltd ၏ CEO ဦးမျိုးမြင့် ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း ၏ ဒုဥက္ကဌ ဦးခင်မောင်ဌေး တို့မှ Internship ဆင်းသည့် ကျောင်းသား ၊သူများနှင့်ပတ်သက်၍

သုံးသပ် ချက်များ ၊အကြံဉာဏ်များပေး၍ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး STIကျောင်းသား /သူများကို Certificate များအသီးသီးချီးမြှင့်ခဲ့ပါသည်။





**<u>Systematic Review Workshop ကျင်းပခြင်း</u>**



၂၀၁၉ခုနှစ် ဇူလိုင်လ(၁၃) ရက်နေ့တွင် မနက် (၉) နာရီမှ နေ့လည်(၁၂)နာ ရီအထိ လှိုင်မြို့နယ် MICT park အတွင်းရှိ STI Myanmar University Campus တွင် “ Systematic Review ” သင်တန်းကို ပို့ချခဲ့ပါသည်။ ယင်သင်တန်းတွင် တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးဝင်းခိုင်မှ Research methodology တစ်ခုပြုလုပ်ရာတွင် Systematically Review ကိုအသုံးပြုပါက မည်ကဲ့သို့ ကြိုတင်စဉ်းစားသင့်ကြောင်း ၊ မည်သည့်အရာများလိုအပ်ကြောင်း ၊ systematically review ပြုလုပ်သည့်အခါ ကြုံတွေ့လာနိုင်သည့် Challenge များအကြောင်းကို ရှင်းလင်းပြောပြခဲ့ပြီး STI Myanmar University

Health Science သင်တန်းများမှ ကျောင်းသား/သူများ ၊ စိတ်ဝင်စား သူ လူငယ်များ တက်ရောက်ခဲ့ပြီး သိလိုသည်များကို ဆရာနှင့် ဆွေးနွေးမေးမြန်းခဲ့ ကြ ကြောင်း သိရှိရပါသည်။

## Yangon Innovation Center ဖွင့်ပွဲသို့ STI Myanmar University တက်ရောက်ခြင်း

ယနေ့ခေတ် လူငယ်လူရွယ်များအတွက် မိမိတို့ စိတ်ကူးကြံဆ တီထွင်ဖန်တီးလိုသည့် အိမ်မက်အသီးသီးကို အကောင်အထည်ဖော်နိုင်ရန် အခွင့်အလမ်းများရရှိနိုင်ရန် Yangon Innovation Center ကို ဖွင့်လှစ်ခဲ့ပါသည်။ ထို ဖွင့်ပွဲအခမ်းအနားကို၂၀၁၉ခုနှစ် ဇွန်လှိုင် (၁၇) ရက်နေ့ က ကျင်းပပြုလုပ်ခဲ့ရာ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်း နှင့်အတူ Business နှင့် Engineering ကျောင်းသား၊ ကျောင်းသူများဖြစ်ကြ သည့် မောင်နေဆန်းလင်း၊ မောင်ဟိန်းဆက်၊ မခိုင်မိုးပွင့်အောင်၊ မဇင်ပွင့်ဖြူ တို့မှ ဂုဏ်ယူဝမ်းမြောက်စွာ တက်ရောက်ခဲ့ကြပါသည်။





**The 4th annual Meeting of China-ASEAN Rail Transit Education and Training Association (CATETA) Forum လေးကြိမ်မြောက်နှစ်ပတ်လည်ညီလာခံသို့ STI Myanmar University မှတက်ရောက်ဆွေးနွေးခြင်း**




အရှေ့တောင်အာရှနှင့် အာဆီယံ နိုင်ငံများရှိ ပုဂ္ဂလိက ကျောင်းများ ၏အ ဆင့်မြင့် ပညာဖွံ့ဖြိုးတိုး တက်စေရန် နှင့် အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများတွင် အဓိကအရေးပါလာမည့် One Belt One Road ရထားလမ်းကြီးဖောက်လုပ်နိုင်ရန် ပါဝင်ရမည့် နိုင်ငံများနှင့်ပတ်သက်၍ ဆွေးနွေးသည့် The 4th annual Meeting of China-ASEAN Rail Transit Education and Training Association (CATETA) Forum သို့ STI Myanmar University မှတက်ရောက်ခဲ့ပါသည်။

တရုတ်နိုင်ငံ Guizhou P.R တွင် ၂၀၁၉ခုနှစ် ဇူလိုင်၂၂ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့ရာတွင် STI Myanmar University ၏ Faculty of Engineering မှ Senior Lecturer ဆရာဦးမျိုးမင်းလိုင်နှင့် Lecturer ဆရာမဒေါ်ရည်မွန်အောင်မိုးတို့ တက်ရောက်ခဲ့ကြပါသည်။ ဇူလိုင်၂၂ ရက်နေ့တွင် ဆရာမရည်မွန်အောင်မိုးမှ Forum သို့ တက်ရောက်လာသော အာဆီယံနိုင်ငံများနှင့် Group Presentation ပြုလုပ်ခဲ့ပြီး ဇူလိုင်၂၃ရက်နေ့တွင် STI Myanmar University ကိုယ်စား China University များနှင့် Presentation ပြုလုပ်ခဲ့ပါသည်။ ယင်း Forum တွင် အာဆီယံနှင့် ဥရောပနိုင်ငံများကြား အဓိကအရေးပါမည့် One Belt One Road (OBOR ) ရထားလမ်းကြီးဖောက်လုပ်ရာ တွင် မြန်မာနိုင်ငံလည်း ပါဝင်နိုင်ရန်

တရုတ်နိုင်ငံကူမင်မှ မူဆယ်- လားရှိုး- မန္တလေး -ကျောက်ဖြူအထိ  ရထားလမ်းကို ဖောက်လုပ်နိုင်ရ န်အတွက် ရည်ရွယ်ထားသောအစီအစဉ်များအကြောင်းနှင့် မြန်မာ့ရထား  လမ်းများ  ကို အဆင့်မြှင့် ဆောင်ရွက်မှုများပြု လုပ်နိုင်ရန် ဆောင်ရွက်မည့် နည်းလမ်းများအကြောင်း ဆွေးနွေး ခဲ့ ကြောင်း  သိရှိရပါသည်။

<u>STI  Myanmar University နှင့် Theptarin Hospital တို့ MOU လက်မှတ်ရေးထိုးခြင်း</u>






STI Myanmar University နှင့် Theptarin Hospital တို့အကြား Memorandum of Understanding (MOU) နားလည်မှု  စာချွန်လွှာလက်မှတ်ရေးထိုးခြင်း  အခမ်းအနားကို   ၂၀၁၉ခုနှစ်  ဇူလိုင်  (၂၉)ရက်နေ့  မနက် (၉) နာရီ  ခန့်  တွင်   ထိုင်းနိုင်ငံ  ဘန်ကောက်မြို့ရှိ Theptarin Hospital တွင် ပြုလုပ်ခဲ့ပါသည်။






ထို  အခမ်းအနားတွင် STI  Myanmar  University  ၏  President  ဒေါ်ခင်အေးဝင်း နှင့် Theptarin Hospital ၏   Founder and CEO  Emeritus Professor  Thep Himathongkam   တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး ၊  STI  Myanmar  University  ၏  Board  of  director များဖြစ်ကြသော ဒေါက်တာမျိုးမျိုးနိုင်၊ ဒေါက်တာချိုမာလွင် နှင့်   Theptarin  Hospital  ၏  Associate Director   Tanya  Vannapruegs  နှင့်  ဆ ရာဝန်များ ၊   Nutrition  and  Dietetics  Team  မှ  အာဟာရ

ပညာရှင်များ တက်ရောက်ပြီး အပြန်အလှန်ဆွေး နွေး မှု များ ပြု လုပ်ခဲ့ကြပါ သည်။ ထိုအပြင် ကျောင်းနှစ်ခု ကြားအနာဂတ်တွင် ပြုလုပ်မည့် အ စီအစဉ်များကို ရေးဆွဲခဲ့ ကြ ရာတွင်အစားအ စာနှင့် အာဟာရ ဆိုင်ရာဧရိယာများတွင် အတူတူပူပေါင်း ဆောင်ရွက်မှုပြုလုပ်နိုင်ရန် ၊ STI Myanmar Uniersity တွင် တက်ရောက်နေသော ကျောင်းသား ၊ ကျောင်းသူများ ၊ ဝန်ထမ်းများအတွက် Exchange Program များ ၊ Short-term Program များနှင့် Intern ဆင်း၍ အ လုပ်သင်အ ခွင့်အရေးများ များစွာရရှိစေရန် Theptarin Hospital သို့ စေလွှတ်နိုင်ရန်ဖြစ်သည်။ ထို့အပြင် သုတေသန လုပ်ငန်းများ စာတမ်းဖတ်ပွဲများ ၊ ဆေးဘက်ဆိုင်ရာ ညီလာခံများ ပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့် နှစ်နိုင် ငံယဉ် ကျေးမှု အစီအစဉ်များ ဖလှယ်နိုင်ရန် ရည်ရွယ်၍ MOU ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## STI Myanmar University မှ Passage to ASEAN (P2A) Program သို့ တက်ရောက်ခြင်း

STI Myanmar University သည် Passage to ASEAN (P2A) Program ၏ Member University တစ်ခုဖြစ်သည့်အတွက် နှစ်စဉ်အာဆီယံအဖွဲ့ဝင် တက္ကသိုလ်များမှ STIMU ၏ ကျောင်းသား/သူများကို ဖိတ်ကြားလေ့ရှိပါသည်။




STI Myanmar University နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်သော BEng(Hons) Engineering တက်ရောက်နေသော အတန်းမှ ကျောင်းသား/ သူ (၂၀)ဦး သည် ဆရာမများဦးဆောင်၍ "Passage to ASEAN Association (P2A) Program" သို့ တက်ရောက်ရန် ၂၀၁၉ခုနှစ်ဩဂုတ်(၆)ရက်နေ့မှ (၉ ) ရက်နေ့ အထိ ထိုင်းနိုင်ငံ Rangsit University သို့ ထွက်ခွာခဲ့ကြပါသည်။ STIMU ကျောင်းသား/သူများသည် Forumn သို့ တက်ရောက်လာသော အင်ဒိုနီးရှား၊ လာအို ၊ ဗီယက်နမ် ၊

စကော်ပူနိုင်ငံမှ ကျောင်းသား/သူများနှင့် ထိုင်းနိုင်ငံရှိ Rangsit University တွင် တွေ့ဆုံ ၍ အချင်းချင်း မိတ်ဆက်ကြပြီး Rangsit University ၏ Campus Tour အဖြစ် တက္ကသိုလ် ပရဝဏ် အတွင်းသို့ လှည့်လည်ကြည့်ရှုခြင်း၊ Thai Cooking Club အဖြစ် ထိုင်းရိုးရာအစားအစာ များဖြင့် ချက်ပြုတ်ပြင်ဆင်ခြင်း ၊ မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းအစဉ်အလာ များကို အာဆီယံနိုင်ငံမှ ကျောင်းသား/သူများနှင့် အချင်းချင်းမျှဝေခြင်း အပြင် မြန်မာရိုးရာသင်္ကြန်ယိမ်းနှင့် ပုဂံ ပုဂံအက အလှတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပါသည်။





ထို့အပြင် ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ မြဘုရားနှင့် အထင်ကရနေရာများ နှင့် Shopping Mall များ သို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး ထိုင်းနိုင်ငံ၏ Transportation System အကြောင်းလေ့လာခဲ့ကြ ကာ ဩဂုတ်(၉) ရက်နေ့တွင် မြန်မာနိုင်ငံသို့ အောင်မြင်ပျော်ရွှင်စွာ ပြန်လည်ရောက်ရှိခဲ့ ကြောင်း သိရှိရပါသည်။

## STI Myanmar University ၏ Student Council Election ကျင်းပခြင်း

STI Myanmar Univeristy ၏ Student Council တွင် လစ်လပ်နေရာများရှိနေသည့်အတွက် Student Council by Election အခမ်းအနားကို ၂၀၁၉ခုနှစ် ဩဂုတ်(၉) ရက်နေ့တွင် လှိုင်မြို့နယ် MICT park အတွင်းရှိ STI Myanmar University တွင်ကျင်းပပြုလုပ်ခဲ့ရာ STI Myanmar University ၏ Consultant ဆရာမကြီး ဒေါ်လှကြူနှင့် Business နှင့် Engineering ဌာနမှ ဆရာ၊ဆရာမများက ရွေးချယ်ပေးခဲ့ပါသည်။










## Academic Writing Workshop ကျင်းပခြင်း



STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်ဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire ( UK) နှင့် ပူးပေါင်း၍ ဘွဲ့ကြို ၊ဘွဲ့လွန် ဘာသာရပ် များကို နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချလျက်ရှိပြီး နိုင်ငံသားတဦးချင်းအတွက် လိုအပ်သောအသိအမြင်၊ ဗဟုသုတ များ ရရှိနိုင်ရန် မြန်မာနိုင်ငံမှ ပညာရှင်များသာမက ၊ နိုင်ငံတကာ ပညာရှင်များကို ဖိတ်ကြားပြီး ဟောပြောပွဲများ ၊ သင်တန်းများနှင့် Workshop များကို အခါအားလျော်စွာ ကျင်းပပေးလျှက် ရှိပါသည်။

၂၀၁၉ခုနှစ် ဩဂုတ်လ (၄)ရက်နေ့ မနက် (၉)နာရီမှ (၁၂)နာရီအထိ လှိုင်မြို့နယ် MICT park အတွင်းရှိ STI Myanmar University Campus တွင် "Academic Writing " သင်တန်းကို ပို့ချခဲ့ပါသည်။ ယင်းသင်တန်းတွင် ဂျပန်နိုင်ငံ Nagoya University တွင် PhD Associate Professor အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာစောယုမွန် ( Graduate School of Medicine, Department of Healthcare Administration ) မှ Academic Writing သည် PhD, Master, High Education နှင့် Under

Graduate များအတွက် မည်ကဲ့သို့အရေးပါပုံ၊ Essay နှင့် Thesis များ မည်ကဲ့သို့ကွာခြားပုံ ၊ Scientific ကျောင်းသား/သူများအတွက် သုတေသနစာတမ်းများကို နိုင်ငံတကာအထိချပြနိုင်ရန် အရေးပါသော Publication များအကြောင်းနှင့် ကျောင်းသား/သူများ မှားလေ့ရှိသော အမှားများကိုပြင်ဆင်သုံးသပ်နိုင်ရန် Method ရေးနည်းများ၊ research နှင့် discussion ကိုကောင်းမွန်စွာရေးနိုင်ရန် သင်ကြားခဲ့ပါသည်။ ထို့အပြင် Plagiarism, Lecturer Review များ နှင့်ပတ်သက်ပြီး ရှောင်ကြဉ်သင့်သော အကြောင်းများ ပြောကြားခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများက သိလိုသည်များကို စိတ်ဝင်စားစွာဖြင့် ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရပါသည်။

-

**STIMU ၏ Alumni Networking Party ကျင်းပခြင်း**




STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်ဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire ( UK) ၊ The Open University of Hong Kong နှင့် ပူးပေါင်း၍ ဘွဲ့ကြို ၊ဘွဲ့လွန် ဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချ လျက်ရှိ သော မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု ကော်မရှင်၏ ပထမဆုံး ခွင့်ပြုမိန့် ရရှိထားသည် အဆ င့်မြင့် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ STI Myanmar University ၏ ကျောင်းသား/သူ ဟောင်းများ တွေ့ဆုံခြင်း အထိမ်းအမှတ်ပွဲဖြစ်သော Alumni Networking Party ကို ၂၀၁၉ခုနှစ် ဩဂုတ်(၁၀) ရက်နေ့တွင် ညနေ (၄)နာရီမှ (၆)နာရီအထိ အမှတ်(၃၉) တော်ဝင်လမ်း ၊ ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ STI Myanmar University ခေတ်မီကျောင်းဆောင်သစ်ကြီးတွင် ကျင်းပခဲ့ပါသည်။

 

ထိုအခမ်းအနားသို့ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်း ၊ Board of Director များ၊ ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ၊ STI Myanmar University ၏ Consultant ဆရာကြီး ၊ ဆရာမကြီးများ ၊ STIMU၏ Alumni များဖြစ်ကြသော The Open University of HongKong နှင့် University of Bedfordshire မှ ဘွဲ့ရ ကျောင်းသား/သူများ နှင့် Student Council အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အချင်းချင်းရင်းနှီးပျော်ရွှင်စွာတွေ့ဆုံခဲ့ ကြပါသည်။ ထို့အပြင် အကျွေးအမွေး အစီအစဉ်များ ဖြင့် ဧည့်ခံခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများ မှ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရှိရပါသည်။

**STI Myanmar University မှ Passage to ASEAN (P2A) Program သို့ တက်ရောက်ခြင်း**







STI Myanmar University နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်သော ရန်ကုန်နှင့် မန္တလေး Campus များမှ BA(Hons) Administration နှင့် BEng(Hons) Engineering တက်ရောက်နေသော ကျောင်းသား/သူ (၂၁)ဦး သည် P2A Program ၏ ဒုတိယခရီးစဉ်အဖြစ် ဆရာမများဦးဆောင်၍ ၂၀၁၉ခုနှစ် ဩဂုတ်လ(၁၄) ရက်နေ့ ညနေတွင် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ချန်တိုမြို့ Van Kim Hung Hotel တွင်တည်းခိုခဲ့ကြပါသည်။။ ယင်း Program တွင် မလေးရှားနိုင်ငံ Petronas University မှ Professor က " Internet of Thing" ခေါင်းစဉ်ဖြင့် Seminar ပြုလုပ်ခဲ့ပြီး FPT Campus အသီးသီးမှ ကျောင်းသား/သူများနှင့် နိုင်ငံတကာ ကျောင်းသား/သူများက IT နှင့် ပတ်သက်ပြီး သူတို့ တီထွင်ဖန်တီးထားသော Project များအကြောင်း ရှင်းလင်းတင်ပြပြီး Comepetition များပြုလုပ်ခဲ့ကြသည်။ပါသည်။ထို့နောက် Cai Rang ရေပေါ်ဈေးနှင့်Hand Made ဂျုံခေါက်ဆွဲစက်ရုံသို့လည်း သွားရောက်လည်ပတ်ခဲ့ ကြသည်။ ယင်းအခမ်းအနားတွင် FPT မှ တာဝန်ရှိသူက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး STI Myanmar University ၏ Business Faculty မှ Lecturer ဒေါ်စိုးစိုးစံမှ Closing Speech ကိုလည်း ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး STI Myanmar University ၏ 13BBA Second Year Second Semester ကျောင်းသူ မအေးချမ်းမိုးပွင့်မှ လည်း Myanmar Culture ခေါင်းစဉ်ဖြင့် မြန်မာရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအကြောင်း Presentation ပြုလုပ်ခဲ့ပြီး FPT Campus မှ တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကြ သလို STIMU ကျောင်းသား/သူများအားလည်း Certificate များ ပြန်လည်ချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓါတ်ပုံများလည်း ရိုက်ကူးခဲ့ကြကာ ဩဂုတ်လ (၁၇) ရက်နေ့တွင် မြန်မာနိုင်ငံသို့ အောင်မြင်ပျော်ရွှင်စွာ ပြန်လ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

## STIMU ၏ MSc (Nutrition & Dietetics) ကျောင်းသား/သူများ "Fame" ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာခြင်း

STI Myanmar University နှင့် အင်္ဂလန်နိုင်ငံရှိ Queens Award ရရှိထားသော University of Bedfordshire ( UK) ၏ ကမ္ဘာ့အဆင့်မီ သင်ကြားပို့ချနေသော အစားအစာနှင့် အာဟာရဆိုင်ရာ မဟာဘွဲ့ Master of Science in Nutrition Dietetics MSc ( Nutrition & Dietetics) သင်တန်းမှ သင်တန်းသား/သူ ၁၆ ဦးသည် Lecturer ဆရာဒေါက်တာ အောင်ဖုန်းဇော် ဦးဆောင်မှုနှင့် အတူ ရန်ကုန်မြို့ ၊ လှိုင်သာယာမြို့နယ်ရှိ " Fame" စက်ရုံသို့ Factory Visit အဖြစ် သွားရောက်လေ့လာခဲ့ကြပါသည်။





၂၀၁၉ခုစ် ဩဂုတ် (17) ရက်နေ့ မနက် (၉) နာရီမှ (၁၂)နာရီအထိ လှိုင်သာယာမြို့နယ်ရှိ Fame စက်ရုံတွင် Fame ဆေးဝါးထုတ်လုပ်ရေး ၏ Managing Director ဒေါက်တာ ဦးခင်မောင်လွင်၊ စက်ရုံမှူးဒေါ်စင်သီတာ တို့နှင့် တွေ့ဆုံခဲ့ပြီး သဘာဝအသီးအနှံများမှတဆင့် ဘေးထွက်ဆိုးကျိုးမရှိအောင် ထုတ်လုပ်ထားထားသော Integrated Medicineများ အကြောင်း နှင့် သဘာဝအသီးအနှံများကို တိုက်ရိုက်စားသုံးခြင်းမပြုနိုင်သူများ ဆေးဝါးအဖြစ်သုံးစွဲခြင်းလျှင် မည်ကဲ့သို့သော အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကို အသေးစိတ်ရှင်းပြခဲ့ပါသည်။




ထို့နောက် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ စီမံခန့်ခွဲမှုစနစ်များ၊ ဆေးဝါးထုတ်လုပ်ပုံအဆင့်ဆင့် ၊ ဆေးသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ၊ အရည်အသွေး ထိန်းချုပ်ရေးဌာနနှင့် FAME ဆေးခန်းသို့လေ့လာခဲ့ကြရာ တာဝန်ရှိသူများမှ သိလိုသည်များကို ရှင်းလင်းပြောကြားခဲ့ ပါသည်။ ထို့နောက် STI Myanmar University ၏ MSc (Nutrition & Dietetics) သင်တန်းသူ/သားများအား အမှတ်တရလက်ဆောင်များပေးအပ်ကာ မှတ်တမ်းတင်ဓါတ်ပုံများ လည်း ရိုက်ကူးခဲ့ကြောင်း သိရှိရပါသည်။

## 2019 ခုနှစ်ပညာသင်နှစ်အတွက် STI Myanmar University BEng(Hons) နှင့် BA(Hons) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပခြင်း

-

STI Myanmar University တွင် University of Bedfordshire မှ တိုက်ရိုက်ချီးမြှင့်မည့် BA ( Hons) Business Administration / Accounting နှင့် BEng ( Hons) Engineering ဘွဲ့သင်တန်းများ၏ ၂၀၁၉ ခုနှစ်တွင် တ က်ရောက်နေကြသည့် လန်းဆန်းတက်ကြွနေသော ကျောင်းသား၊ ကျောင်းသူ သစ် မောင်မယ်သစ်ကလေးများကို ကြိုဆိုသည့် “Fresher Welcome” ပွဲကို ၂၀၁၉ခုနှစ် ဩဂုတ်လ (၂၂) ရက်နေ့ (ကြာသပတေးနေ့) တွင် မနက် (၉) နာရီမှ ညနေ (၃) နာရီအထိ လှိုင် မြို့ နယ် MICT Park အတွင်းရှိ STI Myanmar University တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။







ထိုအခမ်းအနားသို့ STI Myanmar University ၏ တာဝန်ရှိသူများ က တက်ရောက်ဖွင့်လှစ်ပေးကြပါသည်။ ထို အခမ်းအနားတွင် STI Myanmar University Student Council ၏ President မောင်မင်းဆက်ရှိန်မှ Fresher Welcome ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား 1ရှင်းလင်းပြောကြားပြီး စီနီယာကျောင်းသား၊ကျောင်းသူများကိုယ်စား မိတ်ဆက်အမှာ စကားများ ပြောကြားခဲ့ပါသည်။ ထို့နောက် STI Myanmar University ကျောင်းသား၊ ကျောင်းသူများ မှ အကအလှများဖြင့် ဖျော်ဖြေခဲ့ပြီး မေဂျာအ လိုက် Kings and Queens များရွေးချယ်ရာတွင် Engineering မေဂျာမှ King နှင့်Queen အဖြစ် "မောင်စစ်ငြိမ်း နှင့် မခင်ရတီဦး "တို့ကလည်းကောင်း Business မေဂျာမှ King နှင့် Queen အဖြစ် "မောင်ရဲမင်းခန့်နှင့် မဆုမြတ်မွန်" တို့ကလည်းကောင်း အသီးသီး ရရှိခဲ့ပါသည်။ ထိုအခမ်းအနားတွင် STI ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကများနှင့် သီဆိုဖျော်ဖြေခြင်း ၊ ဂိမ်းကစားခြင်း ၊ မျက်နှာဆေးချယ်ခြင်း ၊ အမှတ်တရ ဓါတ်ပုံရိုက်ခြင်း ၊ အရသာရှိသော စာကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံခြင်းတို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်း သိရှိရပါသည်။